# အိန္ဒိယနိုင်ငံသံရုံး

# ရန်ကုန်မြို့

## အာဆီယံနိုင်ငံများမှ ကျောင်းသား/ကျောင်းသူများအတွက် အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များတွင် တက်ရောက်သင်ယူရမည့်ပါရဂူဘွဲ့အမျိုးမျိုးအတွက်ပညာသင်ဆု (၁၀၀၀)

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရင်ဒရာ မိုဒီသည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် နယူးဒေလီမြို့၌ကျင်းပခဲ့သော (၂၅)နှစ်မြောက် ASEAN-India Commemorative Summit တွင် အာဆီယံနိုင်ငံသားကျောင်းသား/သူများအား အိန္ဒိယနိုင်ငံမှ ငွေကြေးအပြည့်အဝထောက်ပံ့ပြီး ဂုဏ်သတင်းနာမည်ကျော်သော အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်များတွင် တက်ရောက်သင်ယူရမည့်ပါရဂူဘွဲ့သင်တန်းအမျိုးမျိုးအတွက်ပညာသင်ဆု (၁၀၀၀) ပေးအပ်မည့် အစီအစဉ်ကိုကြေငြာခဲ့ပါသည်။ ထိုကြေငြာချက်အားအကောင်အထည်ဖော်ရန်အတွက် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီး Dr. S. Jaishankar နှင့် လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Dr. Ramesh Pokhriyal Nishank တို့မှ ဤအစီအစဉ်စတင်ခြင်းအခမ်းအနားကို အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာနတွင် ၂၀၁၉ခုနှစ် စက်တင်ဘာလ ၁၆ ရက် (တနင်္လာနေ့) ၌ ကျင်းပခဲ့ပါသည်။

၂။ ထိုအခမ်းအနားသို့ နယူးဒေလီရှိအာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံမှသံအမတ်ကြီးများနှင့်သံရုံးအဖွဲ့အကြီးအကဲများအပြင် အိန္ဒိယနိုင်ငံပြည်ပရေးရာဝန်ကြီးဌာန နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့မှအဆင့်မြင့်အရာရှိကြီးများ၊ အိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ် (၂၃)ကျောင်းမှ ဒါရိုက်တာများနှင့်ကိုယ်စားလှယ်များ၊ တက္ကသိုလ်ဆုပေးရေးကော်မရှင်ဥက္ကဋ္ဌများနှင့်အိန္ဒိယနိုင်ငံလုံးဆိုင်ရာနည်းပညာကောင်စီတို့လည်းတက်ရောက်ခဲ့ကြပါသည်။

၃။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှအိန္ဒိယနိုင်ငံနည်းပညာတက္ကသိုလ်၊ ဒေလီအားဤအစီအစဉ်အတွက်ညှိနှိုင်းဆောင်ရွက်သူအဖြစ်သတ်မှတ်ပေးထားပါသည်။ထို့ကြောင့် ဤအစီအစဉ်လျှောက်ထားခြင်းနှင့်ဝင်ခွင့်လုပ်ငန်းစဉ်များဆောင်ရွက်ရန် web portal (http://asean.iitd.ac.in) အားလွှင့်တင်ထားပါသည်။ အာဆီယံနိုင်ငံများမှ ကျောင်းသား/သူများသည် အမျိုးမျိုးသောနည်းပညာတက္ကသိုလ်များမှနှစ်သက်ရာရွေးချယ်ထားသော ပါရဂူဘွဲ့သင်တန်းများအားထိုဝဘ်ဆိုက်မှဝင်ရောက်လျှောက်ထားနိုင်ပါသည်။

၄။ အာဆီယံကျောင်းသား/သူများထဲမှပထမအသုတ်သင်တန်းသားများအား ၂၀၂၀ခုနှစ် ဇန်နဝါရီလတွင်ဝင်ခွင့်ပြုပါမည်။ ဤအစီအစဉ်အတွက်ဝင်ခွင့်များအား ၂၀၁၉-၂၀၂၀ / ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်များအတွက် အချိန်ဇယားဆွဲထားပါသည်။လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည်အာဆီယံကျောင်းသား/သူများအားအိန္ဒိယနိုင်ငံသားပါရဂူကျောင်းသားများနည်းတူပညာသင်ဆုပေးမည်ဖြစ်ပြီးနှစ်စဉ်သုတေသနကြေးလည်းလျှောက်ထားနိုင်သည်။နည်းပညာတက္ကသိုလ်များသည်ရွေးချယ်ခံရသောကျောင်းသား/သူများအတွက်နေထိုင်မှုကုန်ကျစရိတ်ကာမိစေရန်အတွက်သူတို့၏ကိုယ်ပိုင်ဘတ်ဂျက်များမှထောက်ပံ့ကြေးငယ်တစ်ခုစီစဉ်ပေးပါမည်။

၅။ စုစုပေါင်းဘတ်ဂျက်အရင်းအနှီး အိန္ဒိယရူပီး ကုဋေ (၃၀၀)ရှိသော ဤအစီအစဉ်သည် မိတ်ဖက်ဖြစ်သော အာဆီယံနိုင်ငံများအတွက်ဆောင်ရွက်သည့် အိန္ဒိယအစိုးရ၏ အကြီးမားဆုံးသော စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြစ်သည်။

**HRD Wing**